**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**ဆဋ္ဌမနေ့ အစီအစဉ်**

**[ ၂၂-၉-၂၀၁၄ ] (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ရေအားလျှပ်စစ်စီမံကိန်းများ (Hydro power) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်က Free Share 10% ရရှိအောင် ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်မပေးနိုင်ပါက ၎င်းတို့၏ နစ်နာမှုကို မည်ကဲ့သို့ ကုစားပေးမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးညွန့်လှိုင်၊ ဖြူး မဲဆန္ဒနယ်၏ **ပုဂ္ဂလိက အသေးစားရေနံချက်ဖို လုပ်ငန်းများကို အဆင့်မီ ဒီဇယ်ဆီ၊ ဓာတ်ဆီ ထုတ်လုပ်နိုင်ရန် နည်းပညာကူညီပေးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **စွန့်ပစ်မိဘမဲ့ကလေးများကို သတ်မှတ်စည်းကမ်းများအတိုင်း မွေးစားခွင့်ပြုရာတွင် ကလေး၏ မွေးစာရင်း၌ မွေးစားမိဘများ၏အမည်ကို ထည့်သွင်းဖော်ပြရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်ညွန့်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **တကောင်း၊ ပုဂံ၊ အင်းဝ၊ မိုင်းမောနှင့် မြောက်ဦး အစရှိသော အရေးကြီးသည့် ရှေးဟောင်းဒေသများကို ကမ္ဘာ့ အမွေအနှစ်စာရင်းဝင်ရေး ဆောင်ရွက်ရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးရှိ မြို့နယ်တိုင်းတွင် 'မိုးပွင့်' စီမံချက်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့် ဂျိန်းဖောကို ပေါင်း၍ ဂျိန်းဖောဟု သတ်မှတ်ခဲ့ခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၏ **အဝေးပြေးကားဂိတ်များရှိ ယာဉ်များအား မည်သို့ စစ်ဆေး အရေးယူနေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ယာဉ်အို၊ ယာဉ်ဟောင်းများအနက် သင့်တင့်ကောင်းမွန်သော ယာဉ်များအား သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် စက်မှုလက်မှုကျောင်းများသို့ သင်ထောက်ကူပစ္စည်းများ အဖြစ် အသုံးပြုနိုင်ရေး စီမံပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက **" ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **" ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက တင်သွင်းသည့် **" ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြန်မာ့လေကြောင်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။